# ဉာဏ်ကြီးရှင်

# ဝေရှောင်ပေါင်

မူရင်းစာရေးဆရာ–ကျင်းယုံ

မြန်မာပြန်

## ဆရာခွန်

## စာစဉ်–၃

## (အပိုင်း ၃၁–၄၅)

ဂန္ထဝင် တရုတ်သိုင်းဝတ္ထုကြီး

# အပိုင်း (၃၁)

မင်း အမှန်အတိုင်း ပြောတာလား"

ဟိုင်ကုန်းကုန်းက မေးသည်။

ဝေရှောင်ပေါင်က ပြန်ဖြေသည် ...

"ဟုတ်ပါတယ် ဘိုးဘိုး အမှန်ပါပဲ အဲဒီ ကောင်လေးက သားရဲ့ ခါးအောက်ပိုင်းကို ဖိနှိပ်ထားနိုင်ရုံတင် မကဘူး ... သားရဲ့ ရင်ဝ ဒီနေရာကိုလည်း ဖိထားသေးတာဗျ သား အသက်ရှူ လို့တောင် မရတော့ဘူး ... အဲဒါကြောင့် အဲဒီတစ်ခါတော့ သားက အရှုံးပေးလိုက်ရတယ်ဗျာ ... အဲဒါ ..."

ဟိုင်ကုန်းကုန်းက လက်ကို ဆန့်ထုတ်ရင်း ပြောသည်.

"သူက မင်းရဲ့ ရင်ဝ ဘယ်နေရာကို ဖိထားတာလဲ ငါ့ ပြစမ်း"

ဝေရှောင်ပေါင်က ဟိုင်ကုန်းကုန်း၏ လက်ကိုယူ၍ သူ၏ ရင်ဝမှ ရှောင်ရှန်း ဖိနှိပ်ခဲ့သည့် နေရာသို့ တင်ပေးလိုက်ရင်း ...

"ဒီနေရာမှာပဲ ဘိုးဘိုး"

ဟိုင်ကုန်းကုန်းက သက်ပြင်းတစ်ချက် ချလိုက်ရင်း ...

"ဒီနေရာက စီးကုန်း သွေးကြောကွက် နေရာပဲ အင်း ဒီကောင်လေးကို သင်ပေးတဲ့ ဆရာက အဆင့်မြင့် သိုင်းပညာရှင်ကြီး တစ်ယောက်ပဲ ဖြစ်ရမယ် "

ဝေရှောင်ပေါင်က

"ဒီလောက်ကတော့ အေးဆေးပါ ဘိုးဘိုးရာ ယောကျ်ား တစ်ယောက် ဆို

တာ ရှုံးနိမ့်မှုတွေကို ကြံ့ကြံ့ခံ နိုင်ရမှာပေါ့ ... တောထဲမှာ နေရတဲ့သူ တစ်ယောက် အတွက် ထမင်းချက်ဖို့ ထင်းအတွက် ပူစရာ မလိုပါဘူးဗျ ... သား သား ... ဝေ ... အဲ ရှောင်ကွေးစိက ဒီနေ့ ရှုံးနိမ့်ခဲ့ရတယ် ဒါပေမဲ့ နက်ဖြန်ကျရင် သူ့ကို ပြန်နိုင်အောင် ကြိုးစားမယ် ... ဒါက ဘာမှ ခက်ခဲလွန်းတဲ့ ကိစ္စမဟုတ်ပါဘူး"

သူက စကားကြီး စကားကျယ်များကို ပြောလိုက်ခြင်းမှာ နားလည်လွန်း၍တော့ မဟုတ်ပါ။ ပုံပြင်များထဲတွင် ကြားဖူးခဲ့သည့် စကားပုံများ ဆိုရိုးများကို ယူသုံးလိုက်ခြင်းသာ ဖြစ်သည်။

...

ဟိုင်ကုန်းကုန်းက ထိုင်ခုံပေါ်တွင် ပြန်ထိုင်ချလိုက်ကာ သူ၏ ညာလက်ကို ဆန့်ထုတ်လိုက်ပြီးနောက် ပြန်ကွေးလိုက်သည်။ ထို့နောက် လက်ကို ကွေးထားရာမှ ပြန်လည် ဆန့်ထုတ်လိုက်ပြန်သည်။

ဟိုင်ကုန်းကုန်းက မျက်လုံးများကို မှိတ်၍ တစ်စုံတစ်ခုကို စဉ်းစားပုံဖော်နေသည်။

အတန်ကြာသောအခါမှ ကုန်းကုန်းက ပြောသည်.

"သူက ရှောင်ကျင်းန"လို့ ခေါ်တဲ့ ကလေးနပန်း ပညာကို တတ်ထားတာကိုး ... ဒါကတော့ ဘာမှ မဆန်းပါဘူး ဒါပေမဲ့ သူ့ရဲ့ လက်နဲ့ မင်းရဲ့ ညာဘက်ခါးက ယိရှီး သွေးကြောကွက်ကို ဖိနှိပ်တဲ့ အကွက်က ဝူတန်းဂိုဏ်းက "သိမ်မွေ့လက်ဝါး"ပညာထဲက တစ်ကွက်ပဲ ... ဒီတစ်ကွက်ပြီးတော့ သူက မင်းရဲ့ ကျင်းစု သွေးကြောကွက်နဲ့ စီးကုန်း သွေးကြောကွက်တွေကို ဆက်တိုက်နှိပ်တယ် ... ဆိုတော့ ဒါတွေအားလုံး ဝူတန်းရဲ့ "သွေးကြောပိတ်တိုက်ကွက်"တွေချည်းပဲ ..."

...

ဟိုင်ကုန်းကုန်းက ဆက်ပြောသည် ...

"လက်စသတ်တော့ နန်းတော်ထဲမှာ ဂူတန်းက ဝါစဉ်ကြီး ပညာရှင် တစ်ယောက် ရှိနေတာကိုး ... ဟင့် ကောင်းတယ်ဟ့ သိပ်ကောင်းတယ် ... အဲဒီ ရှောင်ရှန်းက အသက် ဘယ်လောက်လောက် ရှိပြီလဲ ငါ့ကို ပြောပြစမ်း"

ဝေရှောင်ပေါင်က

"သူက သားထက် အသက် အများကြီး ပိုကြီးတာဗျ"

"ဘယ်နနှစ်လောက် ပိုကြီးတာလဲ"

"နှစ်အများကြီးပေါ့ "

...

ဟိုင်ကုန်းကုန်းက စိတ်တိုလာသည် ...

"လုပ်ပြန်ပြီ ဘာလဲကွ နှစ်အများကြီး ပိုကြီးတယ် ဆိုတာ ... ၁နှစ် ၂နှစ် ဆိုတာလည်း နှစ်အများကြီးပဲ ၉နှစ် ၁၀ နှစ် ဆိုလည်း နှစ်အများကြီးပဲ ... သူက မင်းထက် ၈နှစ် ၉နှစ်လောက် ပိုကြီးနေရင် မင်းက သူနဲ့ တိုက်ရဲပါ့မလား ခွေးချီးကောင် ဘာတွေ လျှောက်ပြောနေမှန်းလဲ မသိဘူး"

ဝေရှောင်ပေါင်က လျှာလေး တစ်လစ် ထုတ်လိုက်ရင်း ပြောသည်.

"သူကသားထက် ၂နှစ်လောက် ပိုကြီးတယ် လို့တော့ ပြောတာပဲ ဒါပေမဲ့ သူက သားထက် အများကြီး ပိုပြီး ကိုယ်ကောင်ကြီးပြီး အရပ်လည်း ပိုရှည်တယ်ဗျ"

သူ၏ ပြိုင်ဘက်က သူ့ထက် များစွာ အသက်ကြီးနေသဖြင့် သူက ရှုံးနိမ့်ရ လျှင်ပင် မျက်နှာငယ်စရာ မရှိပေ။

...

ဝေရှောင်ပေါင်ကသာ ဟိုင်ကုန်းကုန်းထံမှ သိုင်းပညာ သင်ယူလိုခြင်း မရှိခဲ့လျှင် သူက ရှုံးနိမ့်ခဲ့ရသည့် အကြောင်းများကို ထုတ်ပြောလိမ့်မည် မဟုတ်ပေ။ သူက အဆောင်သို့ ပြန်ရောက်သည်နှင့် မည်သို့မည်ပုံ သူ့ထက် ကြီးသည့် လူကို အနိုင်ရခဲ့ကြောင်းကို မဟုတ်မမှန် လုပ်ကြံလျက် ကြွားဝါ ပြောဆိုမိမည်သာ ဖြစ်သည်။ ယခုသော် သူက ဟိုင်ကုန်းကုန်းထံမှ သိုင်းပညာ သင်ယူလိုသဖြင့် အမှန်အတိုင်းပင် ပြောလေတော့သည်။

ဟိုင်ကုန်းကုန်းက

"အင်း ဒိကောင်လေးက ၁၄နှစ် ၁၅နှစ် အရွယ်လောက်ရှိမယ် မင်းက သူ့ကို မရှုံးခင် ဘယ်လောက်လောက် ကြာအောင် တိုက်နိုင်ခဲ့သလဲ"

ဝေရှောင်ပေါင်က ...

"အနည်းဆုံး ၄နာရီကနေ ၆နာရီလောက် ကြာအောင် သူတပြန် ကိုယ်တပြန် တိုက်ပြီးမှ ရှုံးတာဗျ"

"ဟေ့ကောင် မဟုတ်တာ လျှောက်မပြောနဲ့ တော်တော် လေလုံးကြီးချင်တဲ့ကောင်ပဲ ဘယ်လောက် ကြာသလဲပြော"

ဝေရှောင်ပေါင်က အနည်းငယ် လျှော့လိုက်ရသည်

"ဟိုဟို ၂ နာရီ မပြည့်တပြည့် ... ၁နာရီ ကျော်ကျော်လောက် တိုက်ရပါတယ် ဘိုးဘိုး"

ဟိုင်ကုန်းကုန်းက စူပုပ်ပုပ် မျက်နှာဖြင့် ခပ်တင်းတင်းပြောသည်.

"ဟွန့် ငါမေးရင် မင်း ကောင်းကောင်း မွန်မွန် ဖြေနော် ... ဒီကောင်လေးက သိုင်းပညာ တတ်ထားတယ် မင်းက သိုင်းမတတ်ဘူး ဒါကြောင့် မင်းသူ့ကို ရှုံးလို့ ဘာမှ မဖြစ်ဘူး မျက်နှာပျက်စရာလည်း မရှိဘူး ... မင်းနဲ့သူနဲ့ ၁ဂ ကြိမ်မဟုတ်ဘူး အကြိမ် ၁ဂဂ တိုက်လို့ မင်းရှုံးသွားတာက အရေးမကြီး ပါ

ဘူးလေ ... မင်းက ငယ်ငယ်လေး ရှိသေးတာကို မင်းက ဘာကို ကြောက်နေရဦးမှာလဲ ... အကြိမ်ပေါင်း အရာ အထောင်မက ရှုံးနေပါစေ နောက်ဆုံးတစ်ချိန်ချိန်မှာ မင်းက သူ့ကို တစ်ကြိမ် တစ်ခါပဲ နိုင်လိုက် သူက မင်းကို ပြန်လှန်ရဲတော့မှာ မဟုတ်ဘူး အဲဒါမှ တကယ့် သူရဲကောင်း အစစ်ကွ"

.

ဝေရှောင်ပေါင်က အားတက်သရောပင် ပြန်ပြောသည် ...

"ဒါ အမှန်ဆုံးပဲ ဘိုးဘိုးရေ ရှေးရှေးတုန်းက ဟန်ကောက်စူးဟာ တိုက်ပွဲပေါင်း ၁၀၀ ကို တိုက်ခဲ့ရပြီး အဲဒီ တိုက်ပွဲ ၁၀၀ လုံးကို ရှုံးနိမ့်ခဲ့ရတယ် ... နောက်ဆုံးမှာတော့ သူက ချူးပဝမ် ( သခင်ကြီးချူး) ကို အနိုင် တိုက်နိုင်နိုင်ခဲ့တယ် သခင်ကြီးချူးဆို ဝူးမြစ်ကမ်း နံဘေးမှာ သူ့ကိုသူ ကြိုးဆွဲချ ..."

"ဘာကွ ... သူ့ကိုသူ ကြိုးဆွဲချတယ် ဟုတ်လား ပေါက်ကရတွေကွာ သခင်ကြီးချူးက ရှုံးသွားလို့ ဝူးမြစ်နံဘေးမှာ သူ့လည်ပင်း သူပြန်လှီးပြီး သတ်သေသွားတာကွ"

"ကြိုးပဲ ဆွဲချချ ... လည်ပင်းပဲ လှီးလှီး အတူတူပါပဲ ဘိုးဘိုးရာ သူက ရှုံးသွားလို့ သူ့ကိုသူ သတ်သေသွားတာတော့ သတ်သေသွားတာပဲ မဟုတ်လား"

...

ဟိုင်ကုန်းကုန်းက

"မင်းက တော်တော် အငြင်းသန်တဲ့ ကောင်ပဲကွ ... ပြောစမ်းပါဦး မင်းနဲ့ အဲဒီ ရှောင်ရှန်း ဆိုတဲ့ ကောင်လေး တိုက်တုန်းက သူက မင်းကို ဘယ်နှခါလောက် နိုင်ခဲ့လဲကွ"

"အင်း ... ၁ခါ ၂ခါ ... ၂ခါ ၃ခါ လောက်တော့ ရှိမယ်"

" ၄ ခါ နိုင်ခဲ့တာ မဟုတ်ဘူးလား"

"အမှန်အတိုင်း ပြောရရင် သားက သူ့ကို ၂ ခါပဲ ရှုံးခဲ့တာဗျ နောက် ၂ခါက သူက သားကို ကလိမ်ကကျစ် ကျလို့ ရှုံးရတာ"

ဟိုင်ကုန်းကုန်းက မေးပြန်သည်

"အဲဒီ တစ်ခါတစ်ခါမှာ မင်းက သူ့ကို ဘယ်လောက် ကြာကြာ တိုက်နိုင်ခဲ့သလဲ"

"အချိန်ကိုတော့ သားက သေချာမှတ် မှတ်မထားလိုက်ရဘူးဗျ ... တစ်ခါ တစ်ခါ အီးပါ သလောက် ကြာပြီး တစ်ခါ တစ်ခါကျတော့ သေးပေါက် သလောက်ပဲ ကြာတတ်တယ်ဗျ"

"မဟုတ် တရုတ်တွေကွာ ... ဘာလဲကွ မင်းဟာက အီးပါ သလောက်တွေရော သေးပေါက်သလောက် တွေရော ရှုပ်နေတာပဲ "

ဝေရှောင်ပေါင်က ရှင်းပြလေသည် ...

"ဝမ်းသွားတဲ့ အခါကျတော့ နည်းနည်းပိုကြာတယ်လေ ... သေးပေါက်တာ ကျတော ခဏပဲလေ ဘိုးဘိုးရဲ့ အဲဒါကို ဆိုလိုတာပါ"

...

ဟိုင်ကုန်းကုန်းမှာ မပြုံးစဖူး ပြုံးလိုက်ရင်း မရယ်စဖူး ရယ်လိုက်ရင်းမှ ...

"ဒီကောင် ပေးတဲ့ ဥပမာတွေက ရိုင်းပေမဲ့ အဓိပ္ပာယ်ကတော့ ရှင်းနေတာပဲဟေ့ ဟားဟား"

ထို့နောက် အတန်ကြာအောင် စဉ်းစားနေပြီးမှ ကုန်းကုန်းက တွေးတွေးဆဆ ပြောသည် ...

"အင်း မင်းက သိုင်းပညာ မတတ်ပဲနဲ့တောင် သူက မင်းကို နိုင်အောင် အကြာကြီး တိုက်နေရတယ် ဆိုတော့ သူက "ကလေးနပန်းပညာ"ကို ခုမှ သင်

ခါစပဲ ရှိလိမ့်ဦးမယ် ... မင်း ဘာမှ မပူနဲ့ ငါက မင်းကို "လူကြီးနပန်း ပညာ"ကို သင်ပေးလိုက်မယ် မင်း သေသေချာချာ သင်ပြီး နက်ဖြန်ကျရင် သူ့ကို စိန်ခေါ်ပေတော့"

...

ဝေရှောင်ပေါင်က ဝမ်းသာအားရပင် ...

"သူက ကလေးနပန်း ပညာကို သုံးပြီး သားတို့က လူကြီး နပန်းပညာကို သုံးရမယ် ဆိုတော့ လူကြီးက ကလေးကို နိုင်တယ် မဟုတ်လား ဒါဆို သား လည်း သူ့ကို သေချာပေါက် နိုင်နိုင်ပြီပေါ့နော် ဘိုးဘိုး"

ဟိုင်ကုန်းကုန်းက ...

"ဒီလိုတော့လည်း သေချာပေါက် ပြောလို့မရဘူးကွ ကလေးနပန်းပညာ ရော လူကြီး နပန်းပညာမှာပါ အားသာချက် ကိုယ်စီရှိကြတယ် ... လေ့ကျင့် မှုက အရေးကြီးတယ် ... သူက မင်းထက်ပိုပြီး ကောင်းအောင် လေ့ကျင့်နိုင် ပြီး ပိုကောင်းအောင် အသုံးချနိုင်ရင်တော့ ကလေးနပန်း ပညာက လူကြီး နပန်းပညာကို နိုင်သွားမှာပဲ ... ဒီလူကြီး နပန်းပညာက စုစုပေါင်း ၁၈ ကွက် ရှိတယ်ကွ တစ်ကွက်ချင်းစီမှာလည်း ကွက်ပြောင်း ၇ကွက် ၈ ကွက်စီ လောက် ရှိသေးတယ် ... ဒီဟာတွေ အကုန်လုံးကို တစ်ခါတည်းနဲ့ မင်း မှတ်မိနိုင်မှာ မဟုတ်ဘူး ဒီတော့ ၁ကွက် ၂ကွက်လောက် အရင်သင်ပြီးမှ ရှေ့ဆက်သင်ကြတာပေါ့"

...

ဟိုင်ကုန်းကုန်းက ချက်ချင်းပင် မတ်တတ်ရပ်လိုက်ကာ သိုင်းကွက်တစ် ကွက်ကို သရုပ်ဖော် ပြသလိုက်သည် ...

"ဒီအကွက်က "အမတကြိုးကြာ အတောင်ပံသပ်"လို့ ခေါ်တယ် မင်း ဒါကို

သေသေချာချာ လိုက်လုပ်ကြည့် ပြီးရင် ငါနဲ့ လက်တွေ့တိုက်ကြည့်ရမယ်"

ဝေရှောင်ပေါင်က တစ်ကြိမ်တည်း မြင်ရုံနှင့် မှတ်မိသွားလေသည်။ သူက ၇ကြိမ် ၈ကြိမ်မျှ လေ့ကျင့်လိုက်ပြီးနောက် ...

"သား ကျွမ်းသွားပြီ ဘိုးဘိုး"

...

ဟိုင်ကုန်းကုန်းက ထိုင်ခုံပေါ်တွင် ထိုင်လျက်ပင် လက်တစ်ဖြင့် သူ၏ ပခုံးအား ဆွဲကုပ်သည်။ ဝေရှောင်ပေါင်က လက်တစ်ဖက်ကို မြှောက်လျက် ရိုက်ဖယ်သည်၊ သို့သော် သူက အနည်းငယ် နှေးကွေးနေသဖြင့် ကုန်းကုန်း၏ လက်က သူ၏ ပခုံးကို ဖမ်းကုပ်မိသွားလေသည်။

"ဘာကျွမ်းတာလဲ ပြန်ကျင့်"

ဝေရှောင်ပေါင်က အကြိမ်ပေါင်းများစွာ ပြန်လည် လေ့ကျင့်ပြီးနောက် ဟိုင်ကုန်းကုန်းနှင့် လက်တွေ့လေ့ကျင့်ပြန်သည်။

...

ဟိုင်ကုန်းကုန်းက ပထမအကြိမ် လေ့ကျင့်စဉ်က အတိုင်းပင် အတိအကျ တိုက်သည်။ ဤတစ်ကြိမ်တွင် ဝေရှောင်ပေါင်က ကြိုတင်သိနေသဖြင့် လျင်မြန်စွာပင် လက်ကို မြှောက်၍ ဖယ်သည်။ သို့သော် မရပါ။ အနည်းငယ်မျှ နောက်ကျနေသဖြင့် ပခုံးကို ဖမ်းဆုပ်ခြင်း ခံလိုက်ရပြန်လေသည်။

"ဟင့် ချီးထုပ်ကလေး ဘာမှ အသုံးမကျဘူး"

ဝေရှောင်ပေါင်က စိတ်ထဲမှ "ဟင့် လိပ်အိုကြီးကများ"ဟု ရေရွတ်လိုက်ရင်း ထပ်မံ၍ လေ့ကျင့်လိုက်ပြန်သည်။

အကြိမ်သုံးဆယ်မျှ လေ့ကျင့်လိုက် ဟိုင်ကုန်းကုန်းနှင့် စမ်းသပ်လိုက် လုပ်နေသော်လည်း ဝေရှောင်ပေါင်မှာ ပခုံးကို ဖမ်းဆုပ်ခြင်း ခံနေရမြဲ ဖြစ်လေ

သည်။

ကြာလာသောအခါ ဝေရှောင်ပေါင်မှာ စိတ်ဓာတ် ကျလာလေတော့သည်။

ထိုအခါမှ ဟိုင်ကုန်းကုန်းက ပြောသည် ...

"မင်း ၃နှစ် ကြာအောင် ကျင့်ရင်တောင် ငါဖမ်းချုပ်တာကို ရှောင်နိုင်မှာ မဟုတ်ဘူးကွ ကဲ ငါတစ်ခု ပြောပြမယ် ငါ့လက်က မင်းပခုံးဆီကို လာနေတဲ့ အချိန်မှာ မင်းက ငါ့လက်ကောက်ဝတ်ကို လက်ဝါးစောင်းနဲ့ ခုတ်ချရမယ် ... အဲဒါမျိုးကို " တိုက်စစ်အားကို အသုံးပြု၍ ခံစစ်ဆင်ခြင်း"လို့ ခေါ်တယ်ကွ"

ဝေရှောင်ပေါင်က ဝမ်းသွာသွားသည်.

"ဩော် ဒီလိုကိုးဗျ ဒါဆိုရင် လွယ်လွယ်လေး ပါလား ဘိုးဘိုးကသာ သားကို စောစော ကတည်းက ပြောခဲ့ရင် ခုလောက်ဆို သားက ကျွမ်းနေလောက်ပြီ"

...

ဟိုင်ကုန်းကုန်းက ရှေးနည်းအတိုင်းပင် ဝေရှောင်ပေါင်၏ ပခုံးအား ဖမ်းချုပ်သည်။ ဝေရှောင်ပေါင်က ကုန်းကုန်း၏ လက်အား လက်ဝါးစောင်း ဖြင့် ခုတ်ချသည်။

သို့သော် ကုန်းကုန်း၏ လက်က ပြန်ရုပ်မသွားချေ။ ဘေးသို့ အနည်းငယ် တိမ်းပေးလိုက်ပြီးနောက် ဝေရှောင်ပေါင်၏ ပါးပြင် တစ်ဖက်ပေါ် ကျရောက်သွားတော့သည်။

"ဖျန်း အား"

ဝေရှောင်ပေါင်က ဒေါသထွက်လာသဖြင့် ဟိုင်ကုန်းကုန်း၏ မျက်နှာကို ပြန်ရိုက်သည်။

သို့သော် ဟိုင်ကုန်းကုန်းက လက်ဝါးကို အသာလှည့်၍ သူ့မျက်နှာဆီသို့

တိုးဝင်လာသည့် ဝေရှောင်ပေါင်၏ လက်အား ဖမ်းဆွဲကာ အသာအယာ လွှဲပစ်လိုက်သည်။

"ဒုန်း ... အားယိုးယိုး"

ဝေရှောင်ပေါင်မှာ လေပေါ်တွင် ဝဲလျက် လွင့်ထွက်သွားကာ သူ၏ ပခုံးက နံရံနှင့် တိုက်မိကာ သူ၏ ကိုယ်ကြီးက ကြမ်းပြင်ပေါ်သို့ ပြုတ်ကျ သွားတော့သည်။

သို့သော် ဟိုင်ကုန်းကုန်းက အားကို အနည်းငယ်မျှသာ သုံးလိုက်သဖြင့် သက်သာရာ ရသွားလေသည်။ သို့မဟုတ်ပါက သူ၏ ပခုံးရိုးများမှာ ကျိုးသွားမည်မှာ သေချာလေသည်။

ဝေရှောင်ပေါင်မှာ ဒေါသထွက်သွားသဖြင့် " လိပ်အိုကြီး"ဟု အော်ဆဲမည်ပြုပြီးမှ သူ၏ ပါးစပ်မှ ထွက်ခါနီးလေးတွင် ပြန်လည် မျိုချလိုက်နိုင်လေသည်။

သူက တွေးလိုက်မိသည်

"ဒီသိုင်းကွက် ၂ကွက်က တော်တော် ကောင်းတာပဲကိုး နက်ဖြန်ကျရင် ငါ ရှောင်ရှန်းကို ဒီအကွက်တွေ သုံးပြီး တိုက်ရမယ် ဟင်းဟင်း ငါနိုင်မှာ သေချာ သလောက်ရှိပြီ"

...

ထို့နောက် ဝေရှောင်ပေါင်က ကုန်းရှန်း ထရပ်လိုက်ရင်း ဟိုင်ကုန်းကုန်း အသုံးပြုလိုက်သည့် သိုင်းကွက် ၂ကွက်ကို ပြန်လည် စဉ်းစားလိုက်ပြီးနောက် အပြင်းအထန် လေ့ကျင့်နေတော့သည်။

အကြိမ်ပေါင်းများစွာ လေ့ကျင့်ပြီးနောက် ဟိုင်ကုန်းကုန်း၏ ထိုသိုင်းကွက် နှစ်ကွက်မှာ သူ့အတွက် ခက်ခဲလှသည်ဟု မထင်မိတော့ချေ။

သူက ကြိုးစား၍ လေ့ကျင့်သည်။ ဟိုင်ကုန်းကုန်း နှင့်လည်း အကြိမ် ပေါင်းများစွာ စမ်းသပ် တိုက်ကြည့်သည်။

သူက ဟိုင်ကုန်းကုန်း၏ ဖမ်းချုပ်မှုကို ရှောင်နိုင်နေပြီ ဖြစ်သည်။ သူ၏ ပခုံးကို ဖမ်းဆုပ်ခြင်းကိုလည်း ရှောင်နိုင်နေပြီ ဖြစ်သည်။ သို့သော် ပါးကိုမူ အရိုက်ခံနေရဆဲ ဖြစ်သည်။ ဟိုင်ကုန်းကုန်းက ပါးကို အားထည့်၍ မရိုက် တော့ပါ။ အသာအယာသာ ပွတ်သပ်ရုံသာ ပွတ်သပ်သည်။ သို့သော် အကြိမ် တိုင်းတွင် ဟိုင်ကုန်းကုန်း၏ လက်က သူ၏ ပါးကို လာထိနေသဖြင့် ဝေ ရှောင်ပေါင်မှာ မချင့်မရဲ ဖြစ်လာသည်။

...

ဝေရှောင်ပေါင်က စိတ်ဓာတ်ကျစွာ မေးသည် ...

"ဘိုးဘိုး ... ဘိုးဘိုးရဲ့ အဲဒီ ပါးရိုက်တာကို ရှောင်နိုင်အောင် သား ဘယ်လို လုပ်ရမှာလဲဟင်"

ဟိုင်ကုန်းကုန်းက ခပ်သဲ့သဲ့ ပြုံးလိုက်ရင်း ...

"ငါကသာ မင်းကို ရိုက်ချင်ရင် မင်း ၁၀ နှစ် ၁၀မိုး ကျင့်လည်း ရှောင်နိုင် မှာ မဟုတ်ဘူးကွ ... ဒါပေမဲ့ ဒီလောက်ဆို ရှောင်ရှန်းက မင်းကို မနိုင် လောက်တော့ပါဘူး ... ကဲ နောက်တစ်ကွက် တက်လိုက်ရအောင်"

ထို့နောက်ကုန်းကုန်းက ဝေရှောင်ပေါင်အား ဒုတိယမြောက် သိုင်းကွက် ကို သင်ကြား ပြသပေးလေသည်။

ထိုအကွက်မှာ "မျောက်သစ်သီးခူး"ဟူသည့် သိုင်းကွက် တစ်ကွက် ဖြစ် လေသည်။ လူကြီး နပန်းပညာ ၁၈ကွက်ထဲမှ တစ်ကွက်ပင် ဖြစ်သည်။ သူက ဝေရှောင်ပေါင်အား လေ့ကျင့်စေပြီးနောက် လက်တွေ့ စမ်းသပ် ပေးသည်။

...

ထိုနေ့က တစ်နေ့လုံးပင် သူတို့ နှစ်ယောက်က သိုင်းကွက် ၂ကွက်ကို လေ့ကျင့်နေကြလေသည်။

ဟိုင်ကုန်းကုန်းက ထိုင်ခုံပေါ်တွင် ထိုင်လျက်ပင် တိုက်နေသော်လည်း သူ၏ လက်က လိုရာသို့ ရောက်နိုင်နေသည်။ သူက လှုပ်ရှားလိုက်သည်နှင့် ဝေရှောင်ပေါင်မှာ ပါးရိုက်ခံရသည်ချည်း ဖြစ်သည်။ သို့သော် ဟိုင်ကုန်းကုန်းက ရိုက်ချက်တွင် အားတစ်စက်မျှ မထည့်ထား၍ ဝေရှောင်ပေါင်မှာ သက်သာရာ ရသွားလေသည်။ သူ၏ မျက်နှာတွင် မည်သို့မျှ နာကျင်မှုကို မခံစားရပေ။

ထိုညက သူက အိပ်ရာပေါ်တွင် လဲလျောင်းနေရင်း စိတ်ထဲမှ ကျိန်ဆဲနေမိသည် ...

"လိပ်အိုကြီး ခင်ဗျားက ဒီနေ့ ကျုပ်ကို အကြိမ် ၄-၅၀၀ လောက်ကို ရိုက်ခဲ့တယ် ... နက်ဖြန်ကျလို့ ကျုပ်သာ ရှောင်ရှန်းကို နိုင်သွားပြီးရင် ခင်ဗျားက ခင်ဗျားဆီက သိုင်းပညာသင်ဖို့ ကျုပ်ကို အကြိမ် ၃၀၀ လောက် ကန်တော့ပြီး တောင်းပန်ရင်တောင် ကျုပ်က လုံးဝ မသင်တော့ဘူး ဟင်းဟင်း"

***